MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၃၀) ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ( ၂၀ ) ရက်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ သာမန် အစုရှယ်ယာ တစ်စုလျှင် ကျပ် (၁၈၀) နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ ယင်း အဆိုပြုထားသည့် အမြတ်ဝေစုပမာဏကို ၂၀၂၁ ခုနှစ်၊ မတ်လ ( ၃၀ ) ရက်နေ့တွင် Covid-19 ဗိုင်းရပ်စ် ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ အွန်လိုင်း အသုံးပြု၍ ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသည့် အဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်း အဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေသွားမည်ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါအမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၅ ) ရက်နေ့တွင် အရောင်းအဝယ်ပြုလုပ်ထားပြီး ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ် ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်များမှ အတည်ပြုပြီးသော အမြတ်ဝေစုပမာဏနှင့် အဆိုပါအမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို အဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပပြီးသည့်နောက်တွင် အသိပေးကြေ ညာသွားမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာ ရေးရှင်းတမ်းများကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်း

| | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုချက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ချက် |
|---|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက် |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက် |
| အစုရှယ်ယာတစ်စုအတွက် အမြတ်ဝေစု | ကျပ် ၁၈၀ | ကျပ် ၂၀၀ |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့် ပမာဏ | ကျပ်သန်းပေါင်း ၇,၀၀၇.၂၄၇ | ကျပ်သန်းပေါင်း ၇,၇၈၅.၈၃ |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည်။ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက် |

* အမြတ်ဝေစုခံစားခွင့်မရှိသောအစုရှယ်ယာဝယ်ယူသည့်ရက် (Ex-dividend Date) ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့် ပေးချေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစုရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက်သည် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) မတိုင်မီ အလုပ် ဖွင့်သည့်ရှေ့ (၂) ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါအစုရှယ်ယာအား ဝယ်ယူသူသည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည် မဟုတ်ပါ။

** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာရှင် ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်) ကို ရရှိမည်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

"Record Date" ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/en/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။

ထွန်းလွင်

Board Secretary